# စစ်အစိုးရပိုင် ကုမ္ပဏီများကို ဥရောပသမဂ္ဂ တိုးမြှင့်ပိတ်ဆို့

NEJ / ၂၈ အောက်တိုဘာ ၂၀၀၄ / ၁၇း၄၅

ဥရောပနိုင်ငံများအနေဖြင့် မြန်မာစစ်အစိုးရပိုင် ကုမ္ပဏီများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်စပ်ပတ်သက်ခြင်းမရှိရန် ဥရောပကောင်စီက ပြဋ္ဌာန်းလိုက်သည်။

မြန်မာနိုင်ငံအပေါ် ဥရောပသမဂ္ဂ၏ ပိတ်ဆို့အရေးယူထားမှုကို ပိုမိုတင်းကျပ်သွားရန် ဥရောပကောင်စီ၏ အောက်တိုဘာ (၂၅) ရက် အစည်းအဝေးတွင် ဆုံးဖြတ်ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်နှင့်အတူ ပိတ်ဆို့ဒဏ်ခတ်မှုတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာဒေဝူးအင်တာနေရှင်နယ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ဘိလပ်မြေစက်ရုံများနှင့် သကြားစက်ရုံ၊ သံမဏိစက်ရုံတို့ အပါအဝင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းကုမ္ပဏီ (၅၀) ပါဝင်ပြီး ယင်းပိတ်ပင်ဒဏ်ခတ်မှုသည် အောက်တိုဘာ (၂၆) ရက်မှစ၍ အသက်ဝင်မည်ဟု ဥရောပသမဂ္ဂရုံးထုတ်ဂျာနယ်တွင် ဖော်ပြသည်။

ယခု အီးယူ၏ဆုံးဖြတ်ချက်သည် ယခုလစောစောပိုင်းတွင် အာရှ–ဥရောပ ဆွေးနွေးပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးခဲ့သဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှု တင်းကျပ်ရန် အီးယူနိုင်ငံခြားရေးဝန်ကြီးများ ဆုံးဖြတ်ခဲ့ပြီးနောက် ဥရောပကောင်စီ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

အီးယူနိုင်ငံခြားရေးဝန်ကြီးများက မြန်မာစစ်တပ်မှ ဗိုလ်မှူးချုပ်နှင့် အထက်အဆင့်ရှိသူများနှင့် ၎င်းတို့၏မိသားစုများ အီးယူနိုင်ငံများသို့ ခရီးသွားလာခွင့်ဗီဇာပိတ်ပင်ရန်၊ အီးယူကုမ္ပဏီများအနေဖြင့် မြန်မာအစိုးရပိုင် စီးပွားရေးလုပ်ငန်းများတွင် အီးယူနိုင်ငံများမှ ကုမ္ပဏီများ၏ငွေကြေးပါဝင်ပတ်သက်မှုကို တားမြစ်ရန်တို့ ပါဝင်သည်။ သို့သော် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ငွေချေးမှုကို ဆန့်ကျင်ရန်ဆိုသည့် အချက်ကိုမူ ချမှတ်ခြင်းမရှိသေးကြောင်း သိရသည်။

ဥရောပကောင်စီသည် မြန်မာနိုင်ငံအပေါ် ငွေကြေးပိတ်ဆို့မှုကို ၂၀၀၀ ခု နှစ်လယ်ပိုင်းခန့်က စ၍ ချမှတ်ကျင့်သုံးခဲ့ပြီး မြန်မာစစ်ခေါင်းဆောင်များ၏ ပိုင်ဆိုင်မှုများ ထိန်းချုပ်ခြင်း၊ ခရီးသွားလာခွင့်ပိတ်ပင်ခြင်း၊ မြန်မာနိုင်ငံသို့ လက်နက်တင်ပို့မှုပိတ်ပင်ခြင်း အစရှိသည်တို့ကို ချမှတ်ကျင့်သုံးခဲ့သည်။ ၂၀၀၄ ခုနှစ် ဧပြီလတွင် မြန်မာစစ်ခေါင်းဆောင်များအပေါ် ပိုမိုတင်းကျပ်သည့် ဒဏ်ခတ်မှုကို ထပ်မံချမှတ်ခဲ့သည်။ ■